# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 16 , 2023 Volume 63, Number 12


၁၆.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၁၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ-၁ ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကာပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြက်သွန်နီစိုက်ဧက (၁.၇) သိန်းကျော်ရှိပြီး နှစ်စဉ်တန်ချိန် (၁) သန်းကျော် ထွက်ရှိပါကြောင်း၊ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရေး၊ စားသုံးသူပြည်သူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးတို့ကို ချိန်ညှိဆောင်ရွက်ရေးနှင့် ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေး တို့ကို ဟန်ချက်ညီဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြား ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများက ဈေးကွက်အခြေအနေနှင့် အလားအလာများ၊ ပြည်ပ တင်ပို့ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး အတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန်လိုအပ်ချက်များ၊ ပြည်ပနိုင်ငံများသို့ ပင်လယ်ရေ ကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ လက်ရှိတင်ပို့ နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ကြက်သွန်နီကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေး အစိုးရချင်းချိတ်ဆက်ဆောင်ရွက်ရေး၊ လိုအပ်သည့် အပင်ပိုးမွှားရောဂါများကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်များ လွယ်ကူစွာ ထုတ်ယူရရှိနိုင်ရေး၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ် (GAP)စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တောင်သူပညာပေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့အပါအဝင် ပြည်ပဈေးကွက်သို့ ကြက်သွန်နီ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းဈေးကွက်တည်ငြိမ်စေရေးတို့အတွက် ဆောင်ရွက် သင့်သည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး

က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80

## တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ဖရဲသီးများ အရောင်းအဝယ်ပြန်သွက်၍ ဈေးနှုန်းမြင့်တက်လာ


https://www.popularmyanmar.com/?p=103508

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသည့် မြန်မာ့ဖရဲသီးများနှင့်အစေ့မဲ့အသီးများ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်သွက်လာပြီး ဈေးနှုန်းမြင့်တက်လာကြောင်း ဖရဲသီးတင်ပို့နေသည့်ကုန်သည်များထံမှ သိရသည်။

တရုတ်နှစ်သစ်ကူးကာလအပြီး ဖရဲ၊ သခွားဈေးကွက်မှာ အရောင်းအဝယ်အေးနေပြီး ယခုဖေဖော်ဝါရီ ၁၁ ရက်ခန့်မှစတင်၍ ၁ ကီလိုဂရမ်အား ယခင် ၃ .၆ယွမ်မှ ၄.၁ ယွမ်သို့ ဈေးနှုန်းမြင့်တက်လာကာ အစေ့မဲ့အသီးမှာလည်း ၁ ကီလိုဂရမ်လျှင် ယခင် ၅ .၄ ယွမ်မှ ၅ .၇ ယွမ်အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်းသိရသည်။ "သခွားမွှေးကတော့ အရင်အတိုင်းပဲဈေးနှုန်းငြိမ်နေတယ်၊ အရည်အသွေးအကောင်းဆုံး သခွားမွှေး ၁ ကီလိုဂရမ်ကို ၅.၈ ယွမ်ကနေ ၆.၆ ယွမ်ကြားရှိတယ်၊ ဖရဲသီးကတော့ ဈေးနှုန်းအမြင့်နဲ့ရောင်းလာရပြီ"ဟု ကုန်သည်တစ်ဦးကပြောသည်။

ယခုရက်ပိုင်းအတွင်း၌ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ ဖရဲသီး၊ သခွားမွှေးနှင့်အစေ့မဲ့အသီး နေ့စဉ်ကားစီးရေ ၁၅၀ နှင့် ၁၇၀ ကြား ဝင်ထွက်လျက်ရှိကြောင်း သိရသည်။ "တရုတ်ဖက်ကအဝယ်လိုက်လာတော့ မြန်မာနိုင်ငံက ဖရဲ၊ သခွားစိုက်တဲ့ တောင်သူတွေလည်း ပိုပြီးအဆင်ပြေလာတာပေါ့ဗျာ၊ အခုဆိုရင် ဖရဲသီး၊ သခွားမွှေးသီးနဲ့အစေ့မဲ့အသီးတင်တဲ့ ကားစီးရေပိုတိုးပြီး တရုတ်ဖက်ကိုသွားဖို့ စီစဉ်နေတယ်"ဟု ကုန်သည်တစ်ဦးကပြောသည်။

ယင်းအပြင် Border Trade 2.0 System အားအဆင့်မြှင့်တင်ထားသဖြင့် ခါလီတန်ချိန်၊ ကုန်ချရမည့် ဆိပ်ကမ်း၊ သစ်သီးတင်ဆောင်လာသောယာဉ်ပုံများနှင့်ရောဂါပိုးမွှားဆေးစစ်ချက်မှတ်တမ်းများကို အချက်အလက်မှတ်တမ်းတင်ပြီးပါက နောက်တစ်ကြိမ် တရုတ်နိုင်ငံဘက်သို့ပြန်လည်ဝင်ရောက်ရာတွင် အလွယ်တကူဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဖရဲသီး၊ သခွားမွှေးနှင့်အစေ့မဲ့အသီးများအား ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကျင်စန်းကျော့ -ဝမ်တိန်ကုန်သွယ်ရေးဂိတ်မှတဆင့် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိသည်။

**Source:** https://www.popularmyanmar.com/?p=103508

## အသားထက် ကြက်သွန်နီဈေးပိုကြီးသည့် ဖိလစ်ပိုင်သို့ မြန်မာ့ကြက်သွန် တင်ပို့ရန်စီစဉ်




ကြက်သွန်နီဈေးနှုန်း အဆမတန်မြင့်တက်နေတဲ့ ဖိလစ်ပိုင်နိုင်ငံကို မြန်မာ့ကြက်သွန်နီ တင်ပို့ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရှိရပါတယ်။

မနေ့ (ဖေဖော်ဝါရီလ ၁၄ )က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်ဦးနဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ တွေ့ဆုံခဲ့ပြီး ပြည်တွင်း ကြက်သွန်နီဈေးနှုန်းတည်ငြိမ်စွာနဲ့ ပြည်ပဈေးကွက်ထံ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးခဲ့ပါတယ်။

နှစ်ဖက်ဆွေးနွေးမှုအတွင်း ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အလားအလာရှိတဲ့ နိုင်ငံတွေထံ တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးဖို့ အသင်းတာဝန်ရှိသူတွေက တောင်းဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း ဖိလစ်ပိုင်မှာ ကြက်သွန်နီတစ်ပိဿာ ကန်ဒေါ်လာ ၂၀ အထိ မြင့်တက်သွားပြီး ဒီနှုန်းထားက ကမ္ဘာပေါ်တွင် အမြင့်ဆုံးကြက်သွန်နီဈေးနှုန်းတွေထဲ ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် ဖိလစ်ပိုင်အစိုးရက ပြည်တွင်းစားသုံးသူတွေကို ကူညီဖို့ ကြက်သွန်နီတန်ချိန် (၂) သောင်းကျော် တင်သွင်းမယ်လို့ ပြောကြားထားပါတယ်။

လက်ရှိ နိုင်ငံအတွင်း ကြက်သွန်နီ သီးနှံစိုက်ဧက (၁.၇) သိန်းကျော် ရှိပြီး နှစ်စဉ်တန်ချိန် (၁) သန်းကျော် ထွက်ရှိကာ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ကြက်သွန်နီ တန်ချိန် (၁) သိန်းကျော် တင်ပို့နိုင်ပါတယ်။

ပြည်တွင်းစားသုံးမှုအတွက် ကြက်သွန်နီကို မိတ္ထီလာဈေးကွက်ကနေ ရန်ကုန်နဲ့ပဲခူးကို အများဆုံးတင်ပို့နေပြီး ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ရန်ကုန်ကို တစ်ရက် (၁၂) ဘီးကားတစ်စီးနဲ့ ကုန်ချိန် (၃၀၀၀) ပိဿာခန့် တင်ပို့ခဲ့ပါတယ်။

**Source:** BETV Business

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လက်ရာမြောက်သော ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများကို ပို့ကုန်အဖြစ်တင်ပို့ရန် ရွေးချယ်ထား

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွင်းရှိ ပုံစံအမျိုးမျိုးသော ရိုးရာလက်မှု လက်ဝတ်ရတနာများကို ပို့ကုန်အဖြစ်တင်ပို့သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်ကို Dhaka Tribune တွင် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ကရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပသည့်(၃)ရက်တာ ကျောက်မျက်ရတနာပြပွဲတွင် "လက်ဝတ်ရတနာအလုပ်ရုံအတွက် စိန်ခေါ်မှုများနှင့် အလားအလာရှိသော ရှေ့ဆက်လှမ်းမည့်ခရီး" ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲ၌ ကျောက်မျက်ကျွမ်းကျင်ပညာရှင်များက ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များတင်ပြသည့် အဓိကအချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွှေကုန်ကြမ်းမရရှိနိုင်ခြင်း၊ ကြီးမားသောရင်းနှီးမြှုပ်နှံမှုမရှိခြင်း၊ ပြည်တွင်းဈေးကွက်ကိုသာ မှီခိုနေရခြင်းသည် ရွှေကဏ္ဍအတွက် အဓိကစိန်ခေါ်မှုအချို့ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများကို လက်ပန်းထိမ်ဖြင့်ပြုလုပ်သည့် လုပ်ငန်းတွင် လုပ်သားအများအပြားရှိကြောင်း ဘင်္ဂလားဒေ့ရှ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ပြောကြားထားသည်ကို ရေးသားဖော်ပြထားပါသည်။

ဘင်္ဂလားဒေ့ရှ် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများသည် အမေရိကန်၊ ကနေဒါနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဝယ်လိုအားကောင်းမွန်ကြောင်းကိုလည်းရေးသားဖော်ပြထားသည်။

**Source:** https://www.dhakatribune.com/commerce

https://www.commerce.gov.mm/my/article/update-news-international-trade-update-news-border-area-trade

## မြန်မာ့ကင်းမွန် ထိုင်းဘက်ကအဝယ်လိုက် ဈေးကောင်းရနေ



https://greenwaymyanmar.com/posts/Squid_export_Feb_15

မြန်မာ့ကင်းမွန်များကို ထိုင်းနိုင်ငံဘက်က အဝယ်လိုက်နေပြီး လက်ရှိမှာ ပြီးခဲ့တဲ့ နှစ်ကထက်စာရင် ဈေးကောင်းလည်းရရှိနေကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံက သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံဘက်ကဝယ်ယူပေးနေသည့် မြန်မာ့ကင်းမွန်ဈေးနှုန်းများမှာ အေးခဲကင်းမွန် ၁ ကီလိုဂရမ် (၆၂ ကျပ်ခွဲသား)လျှင် အရွယ်အစားအပေါ်မူတည်၍ ဘတ် ၁၃၀ မှ ၁၆၃ ဘတ်ကြား (မြန်မာ ကျပ်ငွေ ၁၁၀၀၀ မှ ၁၃၀၀၀ ကြားခန့်) ဈေးရနေ

သည်ဟုသိရသည်။ သဘာဝအတိုင်း သန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်ထားသည့် ကင်းမွန်အခြောက် ၁ ကီလိုဂရမ်လျှင် ၅၇၀ ဒသမ ၆ ဘတ် (မြန်မာ ကျပ်ငွေ ၄၇၀၀၀ ခန့်) ထိ ဈေးကောင်းရရှိနေသည်ဟု ကင်းမွန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခင်နှစ်များကတော့ ထိုင်းနိုင်ငံဈေးကွက်များတွင် မြန်မာ့ကင်းမွန်ဈေးနှုန်းမှာ အေးခဲကင်းမွန် ၁ ကီလိုဂရမ်လျှင် အရွယ်အစားပေါ်မူတည်၍ ဘတ် ၁၀၀ မှ ၁၃၀ ကြားသာ ဈေးရရှိကြပြီး သဘာဝအတိုင်း သန့်စင်နေလှန်းခြောက်များ ကလည်း ၁ ကီလိုဂရမ်လျှင် ဘတ် ၅၂၀ မှ ၅၅၀ ထိသာရရှိခဲ့ကြ၍ ယခုနှစ်တွင် ပိုမိုဈေးကောင်းရရှိနေသည့် အနေအထား ဖြစ်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကင်းမွန်(Squid) များကို ရခိုင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေ ဒေသများရှိ ပင်လယ်ရေလုပ်ငန်းများတွင် ဖမ်းယူရရှိကြသည်ဟု သိရသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ် ကမ်းခြေဒေသများတွင် အများအပြားဖမ်းယူရရှိပြီး ကင်းမွန်များကို သီးသန့်ဖမ်းယူရမိနိုင်သည့် ကင်းမွန်လှေလုပ်ငန်းများ ကိုလည်း တီထွင်လုပ်ကိုင်ဆောင်ရွက်လာကြကာ ညဘက်တွင် မီးထွန်းဖမ်းယူကြခြင်းဖြစ်သည်ဟု သိရသည်။

ဖမ်းယူရမိလာသည့်ကင်းမွန်များကို မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ မော့တောင်၊ မြဝတီ၊ မြိတ်နှင့်ကော့သောင်း နယ်စပ် ကုန်သွယ်ရေးစခန်းများမှတဆင့် ထိုင်းနိုင်ငံသို့ အစိမ်းအတိုင်းရေခဲရိုက်ပြီး အေးခဲကင်းမွန်အဖြစ် တင်ပို့ရောင်းချသလို အခြောက်ပြုလုပ်ကာ ကင်းမွန်ခြောက်အဖြစ်လည်း တင်ပို့ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

ကင်းမွန်များကိုပြုတ်၍ အခြောက်ပြုလုပ်သည့်စနစ်နှင့် သဘာဝအတိုင်းသန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်သည့် စနစ်ဆိုပြီး နှစ်မျိုးရှိကာ သဘာဝအတိုင်းသန့်စင်ပြီး နေလှန်းအခြောက်ပြုလုပ်တင်ပို့သည့် ကင်းမွန်အခြောက်များကတော့ ပို၍ ဈေးကောင်းရရှိကြောင်းသိရသည်။

မြန်မာ့ကင်းမွန်များသည် အခြားနိုင်ငံများမှကင်းမွန်များထက် အရသာပိုမိုကောင်းမွန်နေ၍ ထိုင်းနိုင်ငံဘက်က ဈေးကောင်းပေးဝယ်ယူခြင်းဖြစ်သည်ဟုလည်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/Squid_export_Feb_15

## တစ်ရက်တာအကျပြပြီး ပြန်တက်တဲ့မတ်ပဲ


https://greenwaymyanmar.com/posts/Blackgram_market_prices_Feb_15

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာတော့ မတ်ပဲဈေးတွေဟာ မနေ့က (၁၄.၂.၂၃) တုန်းက ဈေးအနည်းငယ်ပြန်ကျသွားပေမဲ့ ဒီနေ့(၁၅.၂.၂၃)မှာတော့ ပြန်တက်လာတာမှာ ဖေဖော်ဝါရီ ၁၃ ရက် ဈေးတန်းထက်တောင် ပိုမြင့်တက်သွားတယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီ ၁၃ ရက်တုန်းက မတ်ပဲ(FAQ/RC) ဈေးဟာ ယခုလအတွင်းအမြင့်ဆုံး အဖြစ် တစ်တန်ကို ၁၈၇၁၀၀၀ ကျပ်(တစ်တင်း ၆၀၁၆၀ ကျပ်) ထိမြင့်တက်သွားခဲ့ရာ ကနေ မနေ့ကတော့ တစ်တန်ကို ဈေးအနည်းငယ်ပြန်ကျကာ တစ်တန်ကို ၁၈၆၁၅၀၀ ကျပ် ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ တစ်တန်ကို ၁၈၈၃၀၀၀ ကျပ် (တစ်တင်း ၆၀၅၄၅ ကျပ်) ထိ ပြန်မြင့်တက် လာတာဖြစ်ပါတယ်။

မတ်ပဲ (SQ/RC) ဈေးကတော့ ဖေဖော်ဝါရီ ၁၃ ရက်တုန်းက တစ်တန်ကို ၂၁၀၁၀၀၀ ကျပ်(တစ်တင်း ၆၇၅၅၀ ကျပ်) ထိမြင့်တက်သွားခဲ့ရာကနေ မနေ့ကတော့ တစ်တန်ကို ဈေးအနည်းငယ်ပြန်ကျကာ တစ်တန်ကို ၂၀၉၅၀၀၀ ကျပ် ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ တစ်တန်ကို ၂၁၁၈၀၀၀ ကျပ် (တစ်တင်း ၆၈၁၀၀ကျပ်) ထိ ပြန်မြင့်တက်သွားပြီ ဖြစ်ပါတယ်။

မတ်ပဲဟာ ဒေါ်လာဈေး အတက်အကျပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိနေသလို အဝယ်လည်း ပြန်လိုက်လာနေ တယ်လို့ကုန်သည်အချို့က ပြောကြားကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIA)ရဲ့ ပြီးခဲ့တဲ့အပတ် ဈေးကွက်သုံးသပ်ချက်မှာ ထည့်သွင်းဖော်ပြထားပါတယ်။

ပဲစင်းငုံနီဈေးကတော့ ယခုတစ်လလုံး အတက်နဲ့သာရှိနေပြီး ဒီနေ့မှာတော့ ရန်ကုန်၊ ဘုရင့်နောင် ဈေးကွက်မှာ တစ်တန်ကို ၂၁၀၀၀၀၀ ကျပ်(တစ်တင်း ၆၇၅၀၀ ကျပ်) ရှိနေပါတယ်။ (မတ်ပဲ FAQ/RC မှာ ၂.၂ မီလီမီတာ – ၃.၃၅ မီလီမီတာကြားဆိုဒ်ဖြစ်ပြီး မတ်ပဲ SQ/RC မှာ ၃.၂၅ မီလီမီတာနှင့်အထက်ဆိုဒ်ဖြစ်ပါသည်)

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Blackgram_market_prices_Feb_15

## မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းမျိုးစုံ ဈေးနှုန်းများနှင့် မြေပဲလုံးဆန်ဖြူပေါက်ဈေးမှာ မြင့်တက်နေပါသည်။ ယခုတစ်ပတ်အတွင်း နှမ်းဖြူတစ်တင်းလျှင် (၁၀၈၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၁၀၀၀၀၀)ကျပ်ရှိပြီး ယခင်ပတ် ကာလတူအချိန်ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် (၁၀၀၀၀၀-၉၇၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၈၀၀၀)ကျပ်ရှိပြီး ယခုတစ်ပတ်အတွင်းကာလတူနှင့် နှိုင်းယှဉ်ပါက နှမ်းဈေးများ အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူတစ်ပိဿာ (၆၆၀၀-၆၈၀၀)ကျပ်၊ မြေပဲလုံးဆန်နီတစ်ပိဿာ (၇၅၀၀-၇၆၀၀)ကျပ်၊ ဆီဆန်ဖြူတစ်ပိဿာ (၆၁၀၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူတစ်ပိဿာ (၆၃၀၀-၆၄၀၀)ကျပ်၊ မြေပဲလုံးဆန်နီတစ်ပိဿာ (၇၁၀၀-၇၂၀၀)ကျပ် ဆီဆန်ဖြူတစ်ပိဿာ (၅၉၅၀) ကျပ်ရှိ၍ ယခင်တစ်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူ၊ ဆီဆန်ဖြူဈေးနှုန်းမှာ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ဆီဈေးများမှာ ပဲဆီတစ်ပိဿာ ၁၂၀၀၀ ကျပ်မှ ၁၃၅၀၀ ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၁၁၀၀၀ ကျပ်မှ ၁၀၅၀၀ ကျပ်ထိရှိပြီး နှမ်းနှင့်မြေပဲလုံးဆန်များဈေးမြင့်လာ၍ ဆီဈေးနှုန်းလည်း မြင့်တက်လာကြောင်းသိရပါသည်။

**Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲမာများ ပြည်ပတင်ပို့မှုရှိသောကြောင့် ဈေးနှုန်းများမြင့်တက်လာ

ဖေဖော်ဝါရီလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတဝိုက်မှ ပဲအသစ်များဝင်ရောက်နေပြီး၊ ပဲမာလိုင်းများ အိန္ဒိယနှင့်တရုတ်နိုင်ငံသို့ တင်ပို့မှုရှိနေသောကြောင့် အဝင်ရှိသလောက် အရောင်းသွက်၍ ဈေးမြင့် လာကြောင်း၊ မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ပဲစင်းငုံ(နီ) ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၀၀၀၀၀ ဈေးရှိပြီး ၊ ယခင်တစ်ပတ် ကျပ် ၁၈၃၅၀၀ မှ ၁၈၃၀၀၀ ၊ ယခင်လ ကျပ် ၁၇၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၆၅၀၀ မှ ၁၇၀၀၀၊ ယခင်လထက် ကျပ် ၂၈၀၀၀ မှ ၃၅၀၀၀ မြင့်တက်လာသည်။

ပဲတီစိမ်း(အညာ) ၅၆.၂၅ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၀၀၀၀ မှ ၁၄၅၀၀၀ ၊ ယခင် တစ်ပတ် ကျပ် ၁၆၀၀၀၀ မှ ၁၄၅၀၀၀ ၊ ယခင်လ ကျပ် ၁၅၅၀၀၀ မှ ၁၃၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်း ဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၅၀၀၀ မြင့်တက်လာသည်။

မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၄၀၀၀ မှ ၁၇၈၃၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၅၀၀၀ ၊ ယခင်လ ကျပ် ၁၆၇၀၀၀ မှ ၁၆၂၀၀၀ ဖြစ်သည်။

ယခင်တစ်ပတ်ထက် ကျပ် ၃၃၀၀ မှ ၉၀၀၀ ၊ ယခင်လထက်ကျပ် ၁၆၃၀၀ မှ ၁၇၀၀၀ မြင့်တက်လာသည်။ မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၇၆၀၀၀ မှ ၂၆၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၇၀၀၀ မှ ၂၆၅၀၀၀ ၊ ယခင်လ ကျပ် ၂၃၇၀၀၀ မှ ၁၃၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၉၀၀၀ ၊ ယခင်လထက်ကျပ် ၃၅၀၀၀ မှ ၃၉၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

# STOCK EXCHANGE (16.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,429 (Shares) | 6,949,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 23 | 195,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 527 | 1,686,400 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 237 | 1,777,500 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 1,534 | 2,761,200 | 24,720,530 | 44,497 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 108 | 529,200 | 10,497,598 | 51,438 |


## Market summary

As of 16th Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.03 | -1.12 | -0.29% | 382.03 | 382.03 | 382.03 | 2,429 | 6,949,800 | 7 | 664,588 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 2,429 (Shares) | 6,949,800 (MMK) |

## Main Board

As of 1:00 pm, 16th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,429 (Shares) | 6,949,800 (MMK) |

| MYANPIX | 382.03 ▼ 1.12 |
|---|---|
| Total Volume (shares) | 2,429 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 664,588 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |